တက္ကသိုလ်ဆရာမဘဝနှင့် ရန်ကုန်တက္ကသိုလ်

ရာသက်ပန် (တောင်ငူဆောင်)



ရန်ကုန်တက္ကသိုလ် မန္တလေးဆောင်အနီးက ကုံကော်ဥယျာဉ်။ ဓာတ်ပုံ - မြင့်မောင်မောင်

ဆရာမ မဖြစ်ခင်ဘဝ

တက္ကသိုလ်ဆရာမဖြစ်ဖို့ ရည်ရွယ်ချက်က ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့မရခင်ကတည်းက ရှိခဲ့သည်။ ရှစ်လေးလုံး လူထုအုံကြွမှုကြီးဖြစ်ပြီး ကျောင်းများကို ရက်အကန့်အသတ်မရှိ ပိတ်ပစ်လိုက်တော့ ကျွန်မက ဒုတိယနှစ် ဂုဏ်ထူးတန်းစာမေးပွဲဖြေရင်းတန်းလန်းဖြင့် အိမ်ပြန်ခဲ့ရသည်။ အိမ်မှာအားနေတော့ 'ရောင်ခြည်သစ်စာပေ' ဟူသော စာအုပ်ငှားဆိုင်လေး ဖွင့်ဖြစ်သည်။ သူငယ်ချင်းများနှင့် တွေ့ချင်သဖြင့် ရန်ကုန်လာရအောင် အကြောင်းပြချက်က စာအုပ်ဝယ်ရန် ... ဟူသော အလုပ်ကို ခုတုံးလုပ်ရသည်။ သူငယ်ချင်းများနှင့် စာအဆက်အသွယ်သာရှိသည်။ ထိုခေတ်က ဖုန်း အလွန်ရှားသည်။ သူငယ်ချင်း သက်နှင်းလှိုင်က "ငါတို့ ဘောက်ထော်ဈေးထဲမှာ ကုံကော်ပန်းတွေ ရောင်းတယ်၊ ငါတို့ကျောင်းတော်ကြီးမှာလည်း ကုံကော်တွေ ဝေနေလောက်ပြီ၊ သူတို့ကို ပန်ပေးမယ့် ကျောင်းတော်သူတွေကို မျှော်နေရှာရော့မယ်၊ ဘောက်ထော်က ကုံကော်ပန်းတွေက ကျောင်းထဲက ကုံကော်တွေလောက်မမွေးသလိုပဲ" ဟု စာရေးတော့ တောင်ငူဆောင်ရှေ့လမ်းပေါ်မှာ ကုံကော်တွေ တစ်ပင်လုံး ဖွေးနေအောင် ပွင့်နေသည့် မြင်ကွင်း၊ ပွင့်ဖတ်ဖြူတွေ လမ်းပေါ်ကြွေကျနေသည့် မြင်ကွင်းတို့က အာရုံထဲ ပိုးတဝါး ပြန်မြင်လာရသည်။

ထိုခံစားချက်များက စာရေးချင်စိတ်ကို ဆွပေးသလိုဖြစ်နေသလားမသိ။ စာအုပ်ငှားဆိုင်လေးကြောင့် စာအုပ်တွေကို အရင်ကထက်ပိုဖတ်ဖြစ်သည်။ ဝတ္ထုတွေ ရေးပြီး မဟေသီမဂ္ဂဇင်းကို စပို့သည်။ ကလောင်နာမည် ရွေးတော့ ဆရာမလုပ်ပြီး တောင်ငူဆောင်နှင့် ရာသက်ပန် ပတ်သက်လို့သောကြောင့် ရာသက်ပန် (တောင်ငူဆောင်) ဟု ရွေးဖြစ်သည်။ တောင်ငူဆောင်သည် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတည်ရာနေရာဖြစ်သောကြောင့် ရန်ကုန်တက္ကသိုလ်နှင့်ကိုယ် မခွဲခွာရသလို ခံစားရသည်။ ၁၉၈၉ ခုနှစ် ဇပြီလထုတ် မဟေသီမဂ္ဂဇင်းတွင် ဝတ္ထုတိုစာမူ စပါပြီး စာပေလောကသို့ ဝင်ခဲ့သည်။ သတင်းစာကြေငြာတွင် ပါသောအခါ အခြားစာရေးသူများနှင့်အတူ ရာသက်ပန်(တောင်ငူဆောင်)တို့၏ စာများဟူသော စာသားကို အကြိမ်ကြိမ် ကြည့်မဝ ရွှမဝ ပျော်ရသည်။ ပြောချင်တာက ဆရာမ မဖြစ်ခင် စာရေးဆရာအရင်ဖြစ်သည့်အကြောင်းပါ။

ကျောင်းက သုံးနှစ်လောက် ပိတ်ထားခြင်းဖြစ်၍ စာအုပ်ငှားဆိုင်လေးကို ဖိဖိစီးစီးလုပ်ဖြစ်သည်။ နေ့စဉ် ဝင်ငွေလေးလည်းရသည်။ လစဉ်ထုတ် မဂ္ဂဇင်းများကိုလည်း အရင်ဦးဆုံး ဖတ်ရသည်။ ဂုဏ်ထူးစာပေက စာအုပ်များ ဈေးလျှော့ရောင်းသည့်သတင်းကြောင့် ရန်ကုန်လာ၍ စာအုပ်များဝယ်ရာ ဘာသာပြန်စာအုပ်ကောင်းများ ရလိုက်သည်။ မောင်ထွန်းသူ ဘာသာပြန်သော 'တက်စ်'၊ 'ဆဋ္ဌမ သုခရိပ်မြို့' စသည့်စာအုပ်တို့ကို မှတ်မိသည်။ ၁၉၉၁ ခုနှစ်မှာဘွဲ့ရပြီး မဟာဝိဇ္ဇာ ဆက်တက်ရန် ကျောင်းဖွင့်သည့်နေ့မှာပင် 10 D လှုပ်ရှားမှုဖြစ်ပြီး ကျောင်းတစ်နှစ် ပိတ်ပြန်သည်။ 10 D ဟု ခေါ်ခြင်းမှာ ဒီဇင်ဘာ ၁၀ ရက်နေ့တွင် စဖြစ်သောကြောင့် ဖြစ်သည်။ မဟာဝိဇ္ဇာမပြီးခင် ကုမ္ပဏီတစ်ခုတွင် အလုပ်ဝင်ပြီး ကျမ်းပြုစုသည်။ ထိုကုမ္ပဏီက မဂ္ဂဇင်းထုတ်သောကြောင့် တာဝန်ခံအယ်ဒီတာ လုပ်ရသည်။

ဆရာမဘဝအစ

၁၉၉၃ ခုနှစ်တွင် လုပ်သားများကောလိပ် အချိန်ပိုင်းနည်းပြဖြစ်လာသည်။ ရန်ကုန်တက္ကသိုလ် (ကြည့်မြင်တိုင်နယ်မြေ)၊ (ဗိုလ်တထောင်နယ်မြေ)တို့တွင် စာသင်ခြင်း၊ စာမေးပွဲစောင့်ခြင်းတို့ကို လုပ်ရသည်။ ကြည့်မြင်တိုင်နယ်မြေတွင် ဝိဇ္ဇာဘာသာရပ်များကို သင်ရပြီး ဗိုလ်တထောင်နယ်မြေတွင် သိပ္ပံဘာသာရပ်များကို သင်ရသည်။ ထိုအချိန်က ကျောင်းသားများသည် နှိုင်ငံ့ဝန်ထမ်းများဖြစ်သော်လည်း သူတို့ထက်ငယ်သော ဆရာဆရာမများကို တလေးတစားဆက်ဆံကြသည်။ အတန်းပြီး အိမ်ပြန်ချိန်သည် ည ၈ နာရီလောက်ဖြစ်နေပေပြီ။ ကြို၊ ပို့ကားများဖြင့် အိမ်ပြန်ကြသည်။ အများစုက ဗိုက်ပူဟု ခေါ်သော သစ်သားကားကြီးများဖြစ်သည်။ ထိုအချိန်က အဆိုတော် ဗဒင်၏ 'နေရာ' စီးရီး ခေတ်စားနေချိန်ဖြစ်သည်။

"မင်းအတွက် ကိုယ် တစ်နေရာစာ ပို့ဦးထားတယ်" ဟူသော သီချင်းစာသားကို ကျောင်းသားများက ဆိုကြသည်။ ညအချိန်မတော် အိမ်ပြန်ရသော်လည်း အချင်းချင်း စောင့်ရှောက်ကြသောကြောင့် ကြောက်စရာမလိုသည့် ခေတ်အခါဖြစ်သည်။ ၁၉၉၅ ခုနှစ် ဒုတိယနှစ်ဝက် စာသင်ကာလတွင် ဒဂုံတက္ကသိုလ်က အချိန်ပိုင်းနည်းပြခေါ်ရာ ဒဂုံတက္ကသိုလ်တွင် အချိန်ပိုင်းနည်းပြဖြစ်လာပြန်သည်။ ၁၉၉၅ ခုနှစ် နိုဝင်ဘာတွင် ကျူတာ ရေးဖြေ၊ နူတ်ဖြေစာမေးပွဲအောင်၍ ဒဂုံတက္ကသိုလ်မှာပင် နည်းပြရာထူးဖြင့် ဆရာမဖြစ်လာသည်။ ဆရာမကြီး ဒေါ်ယဉ်ယဉ်မြင့်နှင့် ဆရာကြီး ဦးခင်အေး (မောင်ခင်မင်-ဓနုဖြူ)တို့ လက်အောက်တွင် တာဝန်ထမ်းရသည်။ လစာငွေကျပ် ၁၂၅၀ ရသည်။ ၁၉၉၈ ခုနှစ် ဖေဖော်ဝါရီလတွင် အမေဆုံးသည်။ ကျွန်မတို့မောင်နှမတစ်တွေ တက္ကသိုလ်တက်ရဖို့ သူ့ဘဝကို ပေးဆပ်ခဲ့သည့် အမေပါ။ ခိုကိုးရာမဲ့သည့် ခံစားမှုက ခါးသက်လှသည်။ ဆရာမကြီး ဒေါ်မာလေးက "ရွှေတောင်ကြီး ပြိုသွားပေမယ့် ဘဝခရီးကို ရဲရဲဆက်လျှောက်ပါ" ဟူသော စာသားပါသည့် ပို့စကတ် လေးတစ်ခုကို လူကြုံနှင့်ပို့ပေးရာ တကယ်ပဲ အားဆေးတစ်ခွက် ဖြစ်ခဲ့ရပါသည်။ ၂၀၀၁ ခုနှစ်တွင် တောင်ကြီးတက္ကသိုလ်သို့ ပြောင်းရသည်။

ဆရာမဘဝနှင့် ရန်ကုန်တက္ကသိုလ်

၂၀၀၂ ခုနှစ်တွင် ပါရဂူတန်းဝင်ခွင့်စာမေးပွဲအောင်သောကြောင့် ရန်ကုန်တက္ကသိုလ်သို့ ပြောင်းခွင့်ရသည်။ ၂၀၀၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာနက ဖွင့်သော Global English ဒီပလိုမာသင်တန်းကို တောင်ငူဆောင်တွင် တက်သည်။ နံနက် ၇ နာရီမှ ၉ နာရီအထိ တက်ရခြင်းဖြစ်သည်။ ထိုသင်တန်းတက်ပြီးလျှင် ကျောင်းဆက်တက်သည်။ ၂၀၀၅ ခုနှစ်တွင် Global English ဒီပလိုမာဘွဲ့ရခဲ့သည်။ ထိုအချိန်က ရန်ကုန်တက္ကသိုလ်တွင် ဘွဲ့လွန်သင်တန်းများသာ ရှိသည်။ တက္ကသိုလ်ဝင်တန်းစာစစ်တာဝန်ရှိသည်။ ကျွန်မတို့ လုပ်သက် သုံးနှစ်မပြည့်ခင် စာစစ်ရသည်။ ရန်ကုန်တက္ကသိုလ် ရာမညဆောင်နှင့် တောင်ငူဆောင်တွင် စစ်ရခြင်းဖြစ်သည်။ ယခုကဲ့သို့တိုင်းနှင့်ပြည်နယ် ၁၀ ခုခွဲ၍ စစ်ခြင်းမဟုတ်ပါ။ ကျွန်မကို တက္ကသိုလ် ဝင်တန်း (ဆယ်တန်း) စာစစ်သင်ပေးသော လက်ဦးဆရာမှာ ဆရာမကြီး ဒေါ်ခင်စန်းတင့်ဖြစ်သည်။ ပဲခူးတက္ကသိုလ်မှ အငြိမ်းစားယူသွားသော ပါမောက္ခ/ဌာနမှူး ဖြစ်ပါသည်။ နောက်တစ်နှစ်မှစ၍ ရန်ကုန်တက္ကသိုလ်တွင် တစ်နိုင်ငံလုံး အဆင့် စာစစ်ဆေးခြင်းမလုပ်တော့ပါ။ ရန်ကုန်တိုင်း တစ်တိုင်းတည်းအတွက်သာ စစ်ဆေးခြင်း လုပ်ပါတော့သည်။ ဒဂုံတက္ကသိုလ်က ပဲခူးတိုင်းအတွက် ဆယ်တန်းစာစစ်ဆေးခြင်းလုပ်ငန်းကို တာဝန်ယူရပါသည်။

နည်းပြဆရာမဘဝတွင် လက်ထောက်ကထိက၊ ကထိက၊ တွဲဖက်ပါမောက္ခ၊ ပါမောက္ခ ဆရာကြီး ဆရာမကြီးတို့ကို ချစ်ကြောက်ရိုသေရသည်။ သူတို့သည် ကျွန်မတို့၏ သင်ဆရာ၊ မြင်ဆရာများ ဖြစ်သည်။ တစ်ယောက်ဆီက



စာရေးသူ၏ ကိုယ်ရေးအကျဉ်း

- မိဘအမည် ဦးသန်းမြင့် + ဒေါ်သန်းကြည် ဖြစ်ပါသည်။
- အမည်ရင်း ဒေါက်တာဇင်မာသန်းဖြစ်ပြီး မွေးသက္ကရာဇ် ၂၈- ၅ - ၁၉၆၇ ခုနှစ်ဖြစ်သည်။
- ၂၀၀၇ခုနှစ်တွင် ပါရဂူဘွဲ့ကို ရန်ကုန်တက္ကသိုလ်မှ ရရှိခဲ့သည်။ ပါရဂူဘွဲ့ကျမ်းခေါင်းစဉ်မှာ " မြန်မာဝတ္ထုတိုများမှ အပြောနှင့်အပြု ၁၉၈၀-၁၉၉၀"၊ ၁၉၈၉ ခုနှစ်တွင် စာပေလောကသို့ စတင်ဝင်ရောက်ခဲ့သည်။
- ၎င်းတွင် မြန်မာဝတ္ထုတို လမ်းကြောင်းစာအုပ်ကို လင်းလွန်းခင်စာပေမှ ထုတ်ဝေခဲ့သည်။
- ဤ၏ ချစ်သူဖတ်ဖို့စာဝတ္ထုတိုကို သိစိတ် စီးကြောင်း သဘောတရားဖြင့် လေ့လာခြင်း စာတမ်း၊ မင်းသစ်၏ "ဂျွန်အီတန် မသိသေးသော သီဝရီ" ဝတ္ထုတို့ကို ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း စာတမ်းတို့ဖြင့် ဟင်္သာတတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်တို့တွင် သုတေသနစာတမ်းဆုများ ရရှိခဲ့သည်။
- ၂၀၁၃ ခုနှစ်တွင်ညီပုလေး၏ "ရတနာပုံရွှေမန္တလေးဝတ္ထု"ကို ခွဲခြမ်းစိတ်ဖြာခြင်း စာတမ်းဖြင့် (၁၃) ကြိမ်မြောက်၊ ဝိဇ္ဇာသိပ္ပံပညာရှင် အဖွဲ့စာတမ်းဖတ်ပွဲတွင် အကောင်းဆုံး သုတေသနစာတမ်းဆု ရရှိခဲ့ပါသည်။
- ၂၀၁၃ ခုနှစ်တွင်ညီပုလေး၏ "ရတနာပုံရွှေမန္တလေးဝတ္ထု"ကို ခွဲခြမ်းစိတ်ဖြာခြင်း စာတမ်းဖြင့် (၁၃) ကြိမ်မြောက်၊ ဝိဇ္ဇာသိပ္ပံပညာရှင် အဖွဲ့စာတမ်းဖတ်ပွဲတွင် အကောင်းဆုံး သုတေသနစာတမ်းဆု ရရှိခဲ့ပါသည်။
- ယခုအခါ စာပေများရေးသားရင်း ဘားအံတက္ကသိုလ် မြန်မာစာဌာနတွင်ပါမောက္ခအဖြစ် နိုင်ငံ့တာဝန်များ ထမ်းဆောင်လျက်ရှိပါသည်။

၂၀၀၂ ခုနှစ်မှာ ရန်ကုန်တက္ကသိုလ်ပြန်ရောက်တော့ မိဘအိမ်ပြန်လာရသည့်သမီးလို ခံစားရသည်။ သူငယ်ချင်း လုပ်ဖော်ကိုင်ဖက်များနှင့်လည်း ပြန်ဆုံရသည်။ ကျောင်းမှာ ဂျူတီကျသည့် နေ့ဆို နံနက်အစောကြီးရောက်ပြီး ညနေမိုးချုပ်မှ ပြန်ရတတ်သည်။ ကျောင်းတော်ကြီးမှာ ဘွဲ့လွန်ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမဝန်ထမ်းများလောက်သာရှိသဖြင့် လူသူရှုပ်ထွေးမှုမရှိပါ။ သို့သော် ကျောင်းအလွမ်းဖြင့် ကျောင်းသို့ရောက်လာသော ကျောင်းသား ကျောင်းသူဟောင်းတို့ကို ရံဖန်ရံခါတွေ့ရတတ်။

ကောင်းကွက်များကို အတုယူ၍ မကောင်းကွက်များကို ကိုယ်တိုင် မကျင့်သုံးမိစေရန် သတိပြုသည်။ စာစစ်မှုးလုပ်ရပ်၊ စာမေးပွဲစောင့်လျှင် တွေ့ရတတ်သော ကြိုးကြပ်ရေးမှူးတို့လုပ်ရပ်များကို သင်ယူခဲ့ကြသည်။ ရွယ်တူရာထူးတူ ဆရာမအချင်းချင်း တစ်ယောက်နှင့် တစ်ယောက် အတွေ့အကြုံ ဖလှယ်ကြသည်။ ကိုယ်နှင့်တိုက်ရိုက် မကြုံဖူးသော်လည်း ထိုသူတို့၏ အကျင့်စရိုက်ကို မသိစိတ်က သဘောကျ နှစ်သက်သွားတတ်ပြီး အတုယူကာ လိုက်လံကျင့်ကြံ လုပ်ဆောင်မိတတ်သည်။ ကြားဆရာများဟု ဆိုရမည်ထင်သည်။

နည်းပြဆရာမဘဝတွင် ဆရာမကြီး ဒေါ်မာလေးက ဂျပန်နိုင်ငံ အိုဆာကာ နိုင်ငံခြားဘာသာတက္ကသိုလ် ကျောင်းအုပ်ကြီး မြန်မာစာပါမောက္ခ မပန်းခက်နှင့် မိတ်ဆက်ပေးသည်။ မပန်းခက်သိလိုရာ ဖြေကြားရသည်။ ကိုယ်မသိလျှင် သိသူထံ လိုက်ပို့ရသည်။ ဆရာမကြီး ဒေါ်မာလေး၊ မပန်းခက်တို့နှင့်အတူ စာရေးဆရာမကြီး ဒေါ်ခင်မျိုးချစ်၊ ဆရာကြီး ဦးခင်မောင်လတ်တို့အိမ် ရောက်ခဲ့ဖူးသည်။

စာမျက်နှာ ၁၉ သို့ ●

ဒေးဒရဲမြို့နယ် ကွန်ပလိုင်းကျေးရွာရှိ ပြည်သူများအား အခြေခံစားသောက်ကုန်များ လှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၁၉

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ကွန်ပလိုင်းကျေးရွာအတွင်းရှိ အသွားအလာကန့်သတ်ထားသည့်ပြည်သူများအား ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးမြောက်ရပ်ကွက် လိပ်ပြာကန်ကျောင်းတိုက် နန္ဒာအောင်မြေကျောင်း ဦးစီးပဓာနနာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တနိမလ ဦးဆောင်၍ တပည့် ဒါယကာ ဒါယိကာမများက အခြေခံစားသောက်ကုန်များထောက်ပံ့လှူဒါန်းမှုကို အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အဆိုပါလှူဒါန်းမှုကို ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တနိမလ၊ ဗျာပုံခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်၊ ဒေးဒရဲမြို့နယ် အုပ်ချုပ်ရေးမှူး ဦးထက်မြတ်အောင်၊ ဆေးရုံအုပ်ကြီး ဒေါက်တာဇော်ဝင်းနိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဇော်ဟိန်းတို့က ဆန်၊ ဆီ၊ ဆား၊ အာလူး၊ ကြက်သွန်၊ နှာခေါင်းစည်းနှင့် ခေါက်ဆွဲခြောက်တို့အား ပေးအပ်ရာ ကွန်ပလိုင်းကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းသို့ ထောက်ပံ့ပေးအပ်ရာတွင် အိမ်ထောင်စုတစ်စုလျှင် ဆန် ငါးပြည်၊ ဆီတစ်ပိသာ၊ ဆားတစ်ထုပ်၊ အာလူးတစ်ပိသာငါးဆယ် ကျပ်သား၊ ကြက်သွန်တစ်ပိသာငါးဆယ် ကျပ်သား၊ နှာခေါင်းစည်း တစ်ထုပ်၊ ခေါက်ဆွဲခြောက် တစ်ဖာနှန်းဖြင့် အိမ်ထောင်စုပေါင်း ၂၀၀ အား ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်ပြီး တန်ဖိုးအားဖြင့် ငွေကျပ်သိန်း ၈၀ ခန့်ရှိကြောင်း သိရသည်။

ဗလစိုး





(၇၃) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်လွင်ဦးစီမံ၊ ဖြူးမြို့မရဲစခန်း စခန်းမှူး ဒုတိယရဲမှူး အောင်လင်းဦးစီးသော အရာရှိနှင့် အခြားအဆင့် ရဲတပ်ဖွဲ့ဝင် ၃၇ ဦးတို့က ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းတွင် ဖြူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

ကိုလွင်(ဆွာ)

မိုးကုတ်မြို့တွင် ကျောက်မျက်ရတနာဈေး(ထာပွဲ)များ ပြန်လည်ဖွင့်လှစ်မည်

မိုးကုတ် ဒီဇင်ဘာ ၁၉

မိုးကုတ်မြို့တွင် ယာယီပိတ်ထားခဲ့သော ကျောက်မျက်ရတနာများ ရောင်းဝယ်ရာ အဓိကနေရာများဖြစ်သည့် ပန်းခြံထာပွဲဈေးနှင့် မဏိမင်္ဂလာကျောက်မျက်ဈေးတို့ကို မြို့နယ်ကိုဗစ်-၁၉ ရောဂါ တားဆီးကာကွယ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့၏ ခွင့်ပြုချက်တို့ဖြင့် ဒီဇင်ဘာ ၂၀ရက်တွင် ပြန်လည်ဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ဖွင့်လှစ်ရာတွင် ကိုဗစ်-၁၉ရောဂါ ကာကွယ် တားဆီးရေးအတွက် ကျောက်မျက်ရတနာ ရောင်းချသည့် ဆိုင်ခန်းများကို စုံ/မ ခွဲခြား၍ တစ်ရက်ခြား ရောင်းချစေရေး၊ ရောင်းချသည့် ဆိုင်များတွင် လက်သန့်ဆေးရည်ဘူး ထားရှိသုံးစွဲရေး ၊ နှာခေါင်းစည်းနှင့် မျက်နှာအကာများ တပ်ဆင်အသုံးပြုရေးနှင့် လက်အိတ်များ အသုံးပြုကာ ရောင်းဝယ်ရေးတို့ကို တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။

အဆိုပါထာပွဲများပြုလုပ်မည့်နေရာများအတွင်း ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့ (မိုးကုတ်)က ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဖြူးမမ(မိုးကုတ်)

● စာမျက်နှာ ၁၈ မှ

ထိုစဉ်က မပန်းခက်သည် မြန်မာအမျိုးသမီးတို့၏ ဝတ္ထုတိုများကို ဂျပန်ဘာသာသို့ပြန်ဆိုရန် ကြိုးစားနေခြင်းဖြစ်သည်။ ၁၉၉၆ ခုနှစ် အောက်တိုဘာလထုတ် မြန်မာ့ခေနဓာတုဇင်းတွင် ဖော်ပြခြင်းခံရသော 'သံမဏိကြိုးခတ်သံ' ဝတ္ထုတိုကို ဂျပန်ဘာသာပြန်ဆိုရန်အတွက် ဝတ္ထုထဲမှ တချို့သော စကားအသုံးများကို မေးမြန်းသည်။ ၂၀၀၁ ခုနှစ်မှာ ဖြစ်သည်။ ထိုနှစ် ဩဂုတ်လဆန်းတွင် ကျွန်မ တောင်ကြီးတက္ကသိုလ်သို့ ပြောင်းရွှေ့ရသည်။ မပြောင်းခင် စာမူခအဖြစ် အမေရိကန်ဒေါ်လာ ၁၀၀ ရပါသည်။ ထိုအချိန်က ကျွန်မ၏ နည်းပြလစာမှာ ၁၂၅၀ ကျပ်ဖြစ်သည်။ နောက်တစ်ခု အမှတ်ရနေသေးသည်။ ဆရာမကြီး ဒေါ်မာလေးက မပန်းခက်ကို ဆရာကြီး ဦးခင်အေး (မောင်ခင်မင်-ဓနုဖြူ) အိမ်သို့ ခေါ်သွားခြင်း ဖြစ်သည်။ ထိုအချိန်က ဆရာကြီးမှာ ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ) ဝန်ထမ်းအိမ်ရာတွင် နေပါသည်။ ဆရာကောင်း သမားကောင်းတို့၏ လုပ်ရပ်စိတ်ထား ပြောဆိုပုံတို့ကို ဘေးမှလိုက်ပါရင်း ငေးမောနားထောင်သင်ယူရခြင်း အတွေ့အကြုံမှာ တန်ဖိုးမဖြတ်နိုင်ပါ။

၂၀၀၂ ခုနှစ်မှာ ရန်ကုန်တက္ကသိုလ် ပြန်ရောက်တော့ မိဘအိမ်ပြန်လာရသည့်သမီးလို ခံစားရသည်။ သူငယ်ချင်း လုပ်ဖော်ကိုင်ဖက်များနှင့်လည်း ပြန်ဆုံရသည်။ ကျောင်းမှာ ဂျူတီကျသည့်နေ့ဆို နံနက် အစောကြီးရောက်ပြီး ညနေမိုးချုပ်မှ ပြန်ရတတ်သည်။ ကျောင်းတော်ကြီးမှာ ဘွဲ့လွန်ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမ ဝန်ထမ်းများလောက်သာရှိသဖြင့် လူသူရှုပ်ထွေးမှုမရှိပါ။ သို့သော် ကျောင်းအလွမ်းဖြင့် ကျောင်းသို့ရောက်လာသော ကျောင်းသား ကျောင်းသူဟောင်းတို့ကို ရံဖန်ရံခါတွေ့ရတတ်သည်။

တစ်ခါက ဝေသာလီဆောင်ရှေ့တွင် ကျောင်းသူဘဝက မြင်ဖူးသော ကျောင်းသားတစ်ဦးကို ပြန်တွေ့သည်။ သူကလည်း ကိုယ့်ကို မှတ်မိဟန်တူသည်။ ပြုံးပြသည်။ (ဟိုတုန်းက စတိုင်ဘောင်းဘီနှင့် ကချင်လွယ်အိတ်ပွပွ အနီရောင်ကိုလွယ်ကာ ဦးချစ်ဆိုင်သို့ လာတတ်သောသူ ဖြစ်ကြောင်း မှတ်မိသည်။) ကိုယ်ကလည်း ပြန်ပြုံးပြရင်း 'လာလည်တာလား' ဟု မေးလိုက်မိသည်။ သူကလည်း ရင်းနှီးကျွမ်းဝင်သော မျက်နှာဖြင့် 'ဟုတ်ကဲ့၊ ကျွန်တော် စင်ကာပူကနေ ခဏပြန်ရောက်တုန်း ကျောင်းကိုလွမ်းလို့ လာလည်တာ'တဲ့။

အရင်ကလို ကျောင်းသား ကျောင်းသူတွေနှင့် စည်စည်ကားကားမရှိ၊ ခြောက်ကပ်ကပ်ဖြစ်နေသော ကျောင်းထဲသို့လာလည်သောသူများမှာလည်း တစ်ယောက်တည်း ယောင်လည်လည်။ ကျောင်းကြီးကို အလွမ်းပြေလှည့်ပတ်ကြည့်ဦးမည် ထင်သည်။ ဩဇော် . . . အလွမ်းရယ် မပြေဘူး ကျောင်းသားဘဝဆိုတာ အမှန်ပါပဲ ... ဆောင်းဦးလှိုင်ရယ်။ ကိုယ်တွေကတော့ ဆရာမဖြစ်နေလည်း ကျောင်းသားဘဝ ပျော်စရာနေ့ရက်များကို တမ်းတရင်း နွေကြိုဥဩသံနှင့်အတူ အတိတ်ဆီ အလည်ရောက်သွားတတ်သည်။

တောင်ငူဆောင် အပေါ်ထပ်က ချပေးလိုက်သည့် လက်ကိုင်ပဝါလေးတွေအကြောင်းကိုလည်း အမှတ်တရရှိနေသည်။ "ကျောင်းသီချင်း ကျောင်းသတင်းတွေ ကျောင်းဝင်းထဲမှာဆို x x x ကျောင်းဝင်းထဲမှာဆို x x x" ဟူသော သီချင်းစာသားက ခဏခဏ ပါးစပ်ထဲရောက်လာသည်။ ညနေပိုင်း ဂျူတီပြီးလို့ အိမ်ပြန်ချိန်သည် ဆောင်နေ့များဖြစ်ပါက အမှောင်အားကောင်းပြီ၊ ကျောင်းထဲမှာ မီးများထွန်းထားပြီ၊ ရာမညရှေ့ လူဝင်ပေါက်က နှစ်အတော်ကြာပိတ်ထားသဖြင့် မန္တလေးဆောင်ကိုဖြတ်ပြီး အဓိပတိလမ်းမကြီးအပေါက်မှထွက်ကာ လှည်းတန်းတွင် ဘတ်စ်ကားသွားစီးရသည်။ ထိုအခါ မန္တလေးဆောင်မှ ကျောပေါက်ကြီးပုံပြင်ကို သတိရပြီး ကျောချမ်းကာ ခြေလှမ်းသွက်သွက် လှမ်းဖြစ်သည်။ သစ်ကြီးဝါးကြီးများဖြင့် အုပ်ဆိုင်းနေသော ကျောင်းတော်ကြီး၏ အမှောင်ရိပ်သန်းသောအချိန်များတွင် အိပ်တန်းပျောက် ညဉ့်က်တို့၏ အော်သံ၊ ပုစဉ်းရင်ကွဲတို့၏ အော်သံတို့ကို ကြားရတတ်သည်။ ထိုအခါ နှလုံးသားထဲမှ လှိုက်၍ ဘယ်သူ့ကို လွမ်းမှန်းမသိသော ဝေဒနာခံစားရတတ်သည်။

တက္ကသိုလ်ဝင်တန်းစစ်ရခါနီးချိန်တွင် တောင်ငူဆောင်ရှေ့ရှိမဟော်ဂနီပင်ကြီးက အရွက်တွေ့တဖြုတ်ဖြုတ်ကြွေသည်။ နွေလေရူးနောက်သို့ ရွက်ကြွေများက တကောက်ကောက်လိုက်သည်။ တာဝန်ကြီးလှသော စာစစ်ခြင်းအလုပ် လုပ်ရတော့မည်ဆို အမှားအယွင်းမရှိစေဖို့ အားတင်းကာ ကျန်းမာရေးကို ဂရုစိုက်ရတော့သည်။ မတ်လ၏ နောက်ဆုံးပတ်များတွင် CODE လုပ်ရန်ပါသော ဆရာ ဆရာမများ မနက်မသိ၊ ညမသိ CODE လုပ်ငန်းဝင်ရတော့သည်။ ခုံနံပါတ်များကို မမြင်ရအောင် ပိတ်ပြီး အဖြေလွှာများကို ရောသမမွှေကာ CODE တစ်ခုကို တစ်ထောင်စီ ပြန်ထုပ်ကြရသည်။ တစ်ထောင်မပြည့်သော CODE များလည်းရှိသည်။ ကော်ကပ်သူ ကပ်၊ တံဆိပ်တုံးထုသူထု၊ အုပ်ရေ ရေတွက်သူက ရေတွက်ကြရသည်။ တက္ကသိုလ် ဆရာ ဆရာမများက ပထမခေါင်းဆောင်၊ ဒုတိယခေါင်းဆောင်နေရာမှာနေရပြီး အခြေခံ ဆရာမ အင်အားကို အားထားရသည်။ ကိုယ့်အဖွဲ့တွင် အသက်ကြီးသူနှင့် ကိုယ်ဝန်သည်တို့ပါပါက ညာတာရသည်။ ကိုယ်က ခေါင်းဆောင်ပဲဆိုပြီး လက်ညှိုးထိုးခိုင်း၍မရ။ ခိုင်းသူအချို့ကိုလည်း တွေ့ဖူးပါသည်။ သို့သော် ထိုအကျင့်ကို မကြိုက်၍ အတုမယူမိပါ။ ကိုယ်ကတော့ အထုပ်များကိုယ်တိုင်ဝင်သယ်သည်။ ပြီးပါက ထို CODE အထုပ်များကို ဌာနရှိရာ တောင်ငူဆောင်သို့ သယ်ဆောင်ခြင်းအလုပ်ကို လုပ်ရသည်။ တပျော်တပါး တက်ညီလက်ညီ လုပ်ကြသည်။

စာစစ်မှူးလုပ်ရမည့်သူက မိမိအဖွဲ့တွင် ပါဝင်မည့် စာစစ်သူအရေအတွက်ကိုမှန်း၍ နီ၊ စိမ်း၊ ခရမ်း လုပ်ရမည့် ဇယားကွက်များ ကြိုဆွဲထားရသည်။ အဖြေလွှာတစ်အုပ်ကို မင်နီကိုင်၍ စစ်သူ၊ မင်စိမ်းကိုင်၍ ပြန်လှန်စစ်ဆေးသူ၊ မင် ခရမ်းရောင်ကိုင်၍ ပြန်စစ်သူ ပြီးမှ စာစစ်မှူးက မင်ပြာ (သို့မဟုတ်) မင်နက်ကိုင်၍ ပြန်စစ်ဆေးရသည်။ တစ်ဖွဲ့လျှင် အုပ်ရေ ၅၀၀၀ နီးပါး စစ်ရသည်။ သူတကာတို့ April Fool လုပ်ကြသည့် April ၁ ရက်နေ့မှစ၍ ၁၀ ရက်တိုင်တိုင် အားဆေးသောက်ကာ နေ့မသိ၊ ညမသိ စစ်ကြရသည်။ ပါလာသောမုန့်များကို မျှဝေစားသောက်ကြသည်။ သူဘယ်လောက်ပြီး ကိုယ်လောက်ပြီး ပြိုင်ရင်းပျော်ကြသည်။ တွဲဖက်ပါမောက္ခ ဆရာကြီး ဆရာမကြီးများထံတွင် အမှတ်တိုက်ကြရသည်။ အမှတ်တိုက်ဖို့ ပထမ၊ ဒုတိယ နေရာ သွားဦးကြသည်။ သူငယ်ချင်းအချင်းချင်း ငြင်းခုံရန်ဖြစ်ပြီး နေရာဦးကြသည့်အဖြစ်ကို ပြန်စဉ်းစားတော့ ပြုံးမိသည်။ ဆရာကြီး ဦးမျိုးသန့်က ဖီးကြမ်းငှက်ပျောသီးများယူလာပြီး ကျွေးသည်ကိုမှတ်မိနေသည်။ ဂုဏ်ထူးမှတ်ရသူများလျှင် ပိုပင်ပန်းသည်။ အထပ်ထပ် စစ်ရသည်။ ကွန်ပျူတာနှင့် အမှတ်သွင်း၊ ပြန်တိုက် အကြိမ်ကြိမ်လုပ်ရသည်။ ခိုကပ်လို့မရ၊ အလှည့်ကျလုပ်ကြရသည်။ စာစစ်မှူးချုပ် ဆရာကြီး ဆရာမကြီးတို့က ကျောင်းထဲမှာနေ၍ စောင့်ပေးလျှင် ည ၈ နာရီလောက်အထိ စာစစ်မှူးများ အလုပ်လုပ်ကြသည်။ ကွန်ပျူတာမှာ အမှတ်သွင်းထားတာရှိပြီး စာအုပ်ရှာမတွေ့သောကြောင့် ရင်တုန်ပန်းတုန် ခြေမကိုင်မိလက်မကိုင်မိ ဖြစ်ကြရသေးသည်။ ည မိုးစုပ်စုပ်ချုပ်မှ မျက်မခြင်အဖြေလွှာမှန်း သိလိုက်ရသည်။ အဖြေလွှာမရှိအမှတ်သာရှိသည့် မျက်မခြင်အဖြေလွှာကို သတိထား၊ သတိပေးနေသည့်ကြားက လွတ်သွားခြင်း ဖြစ်သည်။

DECODE (ခုံအမှတ်များ ပြန်ခွာခြင်း) လုပ်ငန်း၊ အောင်စာရင်းလုပ်ငန်းစသည်တို့ ပြီးသည်အထိ ပင်ပန်းကြီးစွာ၊ သတိကြီးစွာ လုပ်ကြရသည်။ Manual Check ဟု ခေါ်သော အောင်စာရင်းကို ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမတွင် လုပ်ရသည်။ နာမည်ကြီးသော Hot Centre များကိုမူ ဘွဲ့နှင်းသဘင်ခန်းမတွင် လုပ်ကြသည်။ Centre ကြီးတစ်ခုကို အောင်စာရင်းလုပ်ရင်း စစ်ရင်း ည ၁၁ နာရီမှ အိမ်ပြန်ရသည့်အခါ ကြုံဖူးသည်။ ကျောင်းကကားဖြင့် အိမ်တိုင်ရာရောက် လိုက်ပို့ပေးသည်။ တစ်ခါက ဘယ်သူ့အိမ်ကမှ လာမကြိုသောကြောင့် ပါရမီကားကြီးစီးပြီး အိမ်ပြန်ရဖူးသည်။ တစ်ယောက်ကိုတစ်ယောက် နေရာပေးပြီး ထိုင်စရာနေရာမရှိတော့သောအခါ ကျွန်မနှင့် ညီမလေး သီတာခိုင်တို့ ဆင်း၊ တက်သည့် ခြေနင်းခုံတွင် ထိုင်၍ လိုက်ဖူးသည်။ မတ်တတ်မရပ်နိုင်တော့။ အဖြေလွှာအထုပ်များ သွင်းလိုက်၊ ထုတ်လိုက်လုပ်ရသဖြင့် လက်ဖဝါးတွေ နီရဲ၊ အဖြေလွှာက သံချိတ်တွေရှလို့ လက်တွေပေါက်ပြဲလုပ်ကြရပေမယ့် ကျောင်းတော်ကြီးမှာ ပျော်မွေ့ကြသည်။

ညီမ သီတာခိုင်က "အစ်မရယ် ဒီအချိန်ကြီး ဒီလို စုတ်ပြတ်ပြီးပြန်လာကြတာ ကျွန်မတို့ကို မဆလာသယ်တဲ့ အလုပ်သမတွေလို့ ထင်မလားမသိ" ဟု ဆိုသဖြင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ရယ်မောမိကြသည်။ အရင်က ယောကျ်ားလေးကျောင်းဆောင်ဖြစ်ခဲ့ဖူးသော တောင်ငူဆောင်တွင် ကျွန်မအဖေနေခဲ့ဖူးသည်။ အောက်ဆုံးထပ် အိမ်သာသွားသည့် ဘက်ခြမ်း မာလကာပင်လေးနောက်ကအခန်းဟုပြောဖူးသည်။ အခုတော့ ထိုအခန်းက စားသောက်ခန်းဖြစ်နေပေပြီ။ အမေကတော့ ရတနာသူ၊ ရတနာဆောင် အခန်း (၇၅)မှာ နေခဲ့ကြောင်းပြောပါသည်။ အမေနေခဲ့ဖူးသော ရတနာဆောင်မှာ မနေဖူးခဲ့သော်လည်း အဖေနေခဲ့သော တောင်ငူဆောင်မှာတော့ မနက်၊ ညနေဖူးသည်။

၂၀၀၅ ခုနှစ် နည်းပြ၊ သရုပ်ပြ အဖြေလွှာတွေကို စစ်ဆေးချိန်သည် တက္ကသိုလ်ဝင်တန်း စာစစ်ချိန်နှင့် တိုက်နေသောကြောင့် ညနေ ၄ နာရီအထိ ဆယ်တန်းစစ်၊ ၄ နာရီနောက်ပိုင်း ညမိုးချုပ်အထိ နည်းပြ၊ သရုပ်ပြ အဖြေလွှာစစ် လုပ်ကြရသောကြောင့် အိမ်မပြန်တော့ဘဲ အင်းလျားဆောင်တွင် ညအိပ်ခဲ့ရသည်။ ကျောင်းသူဘဝက အင်းလျားအဆောင်သူလေး မဖြစ်သော်လည်း ပါရဂူ(အကြို) သင်တန်းစာမေးပွဲအတွက် စာလုပ်ရင်း အင်းလျားအဆောင်သူကြီး လုပ်ခဲ့ဖူးသည်။ ခုချိန် ပြန်တွေးကြည့်တော့ ဆရာမဘဝဖြင့် လုပ်ခဲ့ရသော အလုပ်တာဝန်များစွာတို့သည် အလွန်ကြီးလေးသော တာဝန်များဖြစ်ပြီး ပင်ပန်းခဲ့သော်လည်း ကြည်နူးဝီတိဖြင့် ကျေနပ်ပျော်ရွှင်နေဆဲ ဖြစ်ပါသည်။ ကျောင်းတော်ကြီးနှင့် ပတ်သက်ဆက်စပ်ပြီး လုပ်နေရသောအလုပ်အတွက် ဝမ်းမြောက်ဂုဏ်ယူမဆုံး ဖြစ်ရသည်။

သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတို့၏ဂုဏ်ကျေးဇူးဖြင့် တက္ကသိုလ်ဆရာမဘဝ အသက်မွေးခွင့်ရသည့်အတွက်လည်း ကျေနပ်ရသည်။ ၁၉၉၅ ရန်ကုန်တက္ကသိုလ် စိန်ရတုတွင် အလုပ်ဝင်ပြီး တက္ကသိုလ်ရာပြည့်တွင် လုပ်သက် ၂၅ နှစ် ရွှေရတုတိုင်ခဲ့ပြီ ဖြစ်သည်။ လုပ်သက် ၂၅ နှစ်ထဲတွင် ၁၀ နှစ်ကျော် ရန်ကုန်တက္ကသိုလ်တွင် အမှုထမ်းခဲ့သည်။ ရန်ကုန်တက္ကသိုလ်ကြီးသည် ခေတ်ဝန်ကိုထမ်း ခေတ်လမ်းကို ဆက်လျှောက်နေကြဦးမည့် မျိုးဆက်သစ်ကျောင်းတော်သူ ကျောင်းတော်သားတို့၏ ရင်ငွေ့လှုံရာ ဘူမိနက်သန် ဖြစ်လေသည်။ ။